# ကိုယ်စားလှယ်အမည်ပြောင်းလဲပြင်ဆင်ပေးရန် လျှောက်ထားခြင်းဆိုင်ရာ လမ်းညွှန်ချက်များ (CR-11)

**မူပိုင်ခွင့်ဦးစီးဌာန**

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး**

## ကိုယ်စားလှယ်အမည်ပြောင်းလဲပြင်ဆင်ပေးရန် လျှောက်ထားခြင်းဆိုင်ရာ လမ်းညွှန်ချက်များ

## (CR-11)

စာပေနှင့်အနုပညာလက်ရာများ သို့မဟုတ် ဆက်နွှယ်သည့်အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များအား မှတ်ပုံတင်လျှောက်ထားခြင်း၊ မှတ်ပုံတင်လျှောက်ထားခြင်းနှင့်စပ်လျဉ်းသည့် အခြားလျှောက်ထားခြင်းများ၊ အယူခံ လျှောက်ထားခြင်းများတွင် ကိုယ်စားလှယ်လွှဲအပ် ဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ကိုယ်စားလှယ်အမည် ပြောင်းလဲပြင်ဆင်ပေးရန် လျှောက်ထားလိုပါက လျှောက်လွှာပုံစံ (CR-11) ကို ပြည့်စုံစွာ ဖြည့်စွက်ပြီး လျှောက်ထားရမည်။

၁။ (က) (၁) လျှောက်ထားသူသည် ပုဂ္ဂိုလ်တစ်ဦးချင်းအမည်ဖြင့် လျှောက်ထားခြင်းဖြစ်လျှင် -

(ကက) အမည်

ဥပမာ - ***ဦးဖြူ***

(ခခ) အခြားအမည်ရှိလျှင်- အနုပညာအမည်ကို ဖော်ပြရမည်။

ဥပမာ - ***မောင်မောင်(ပျဉ်းမနား)***

(ဂဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်

*ဥပမာ* - ***၉/ပမန(နိုင်)၁၂၃၄၅၆***

(ဃဃ) နိုင်ငံသား

ဥပမာ - ***မြန်မာ***

(ငင) အမြဲတမ်းနေထိုင်ရာနိုင်ငံအမည်

ဥပမာ - ***မြန်မာနိုင်ငံ***

(စစ) နေရပ်လိပ်စာအပြည့်အစုံ

လျှောက်ထားသူ၏ နေရပ်လိပ်စာအပြည့်အစုံကိုဖော်ပြရမည်-

ဥပမာ - ***အမှတ်(၅၄)၊ ရတနာလမ်း၊ ဗလသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်။***

(ဆဆ) နိုင်ငံ

ဥပမာ - ***မြန်မာနိုင်ငံ***

(ဇဇ) တယ်လီဖုန်းနံပါတ်နှင့် အီးမေးလ်လိပ်စာ

ဥပမာ - ***0673430597***

***uphyu2023@gmail.com***

**နိုင်ငံခြားသားဖြစ်လျှင်**

(ကက) အမည်

ဥပမာ - ***Mr. San Ji Khan***

(ခခ) အခြားအမည်(ရှိလျှင်)- အနုပညာအမည်ကို ဖော်ပြရမည်။

ဥပမာ - ***Khan***

(ဂဂ) နိုင်ငံကူးလက်မှတ်အမှတ်

ဥပမာ - ***H 123456***

(ဃဃ) နိုင်ငံသား

ဥပမာ - ***India***

(ငင) အမြဲတမ်းနေထိုင်ရာနိုင်ငံအမည်

ဥပမာ - ***India***

(စစ) နေရပ်လိပ်စာအပြည့်အစုံ

လျှောက်ထားသူ၏ နေရပ်လိပ်စာ အပြည့်အစုံကို ဖော်ပြရမည်-

ဥပမာ - ***Main Street, Mumbai, India.***

(ဆဆ) နိုင်ငံ

ဥပမာ - ***India***

(ဇဇ) တယ်လီဖုန်းနံပါတ်နှင့် အီးမေးလ်လိပ်စာ

ဥပမာ - ***+91223456789***

***sanji@gmail.com***

(၂) လျှောက်ထားသူသည် တရားဝင်တည်ထောင်ထားသော အဖွဲ့အစည်း (ကုမ္ပဏီ) အမည်ဖြင့် လျှောက်ထားခြင်းဖြစ်လျှင် -

(ကက) အဖွဲ့အစည်း(ကုမ္ပဏီ)အမည် အပြည့်အစုံ

ဥပမာ - ***Orange ကုမ္ပဏီလီမိတက်***

(ခခ) အဖွဲ့အစည်း(ကုမ္ပဏီ)မှတ်ပုံတင်အမှတ်

ဥပမာ - *202312345678*

(ဂဂ) အဖွဲ့အစည်း(ကုမ္ပဏီ)အမျိုးအစား

ဥပမာ - ***ပုဂ္ဂလိကပိုင်ကုမ္ပဏီလီမိတက် (Private Company Ltd)/ ကော်ပိုရေးရှင်း (Corporation) / အသင်းအဖွဲ့ (Association)***

**မှတ်ချက်။ ပြည်တွင်း၊ ပြည်ပမှ ကုမ္ပဏီ၊ ကော်ပိုရေးရှင်းနှင့် အသင်းအဖွဲ့/ အဖွဲ့အစည်း/လုပ်ငန်းစသော အမျိုးအစားအမည်များ ဖော်ပြရမည်။**

(ဃဃ) လိပ်စာအပြည့်အစုံ

အဖွဲ့အစည်း(ကုမ္ပဏီ)တည်ရှိရာလိပ်စာအပြည့်အစုံကို ဖော်ပြရမည်

ဥပမာ - ***အမှတ်(၇)၊ သစ္စာလမ်း၊ ရွှေကြာပင်ရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်။***

(ငင) နိုင်ငံ

အဖွဲ့အစည်း(ကုမ္ပဏီ)တည်ရှိရာ နိုင်ငံအမည်ကို ဖော်ပြရမည်

ဥပမာ - ***မြန်မာနိုင်ငံ***

(စစ) တယ်လီဖုန်းနံပါတ်နှင့် အီးမေးလ်လိပ်စာ

ဥပမာ - ***0673430597***

- ***orange111@gmail.com***

**မူလကိုယ်စားလှယ်နှင့်သက်ဆိုင်သည့်အချက်အလက်များ**

၂။ မူလကိုယ်စားလှယ်၏ အချက်အလက်များကို ဖြည့်စွက်ရာတွင်

(က) အမည်

ဥပမာ - ***ဦးကျော်ကျော်***

(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်

ဥပမာ - ***၇/ပမန(နိုင်)၁၂၃၄၅၆***

(ဂ) ကိုယ်စားလှယ်၏ လိပ်စာအပြည့်အစုံ (လုပ်ငန်းဆောင်ရွက်သည့်လိပ်စာ) ကို ဖော်ပြရမည်။

ဥပမာ - ***အမှတ်(၁၂၃)၊ ရတနာလမ်း၊ ပညာသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်၊ မြန်မာနိုင်ငံ***

(ဃ) တယ်လီဖုန်းနံပါတ်နှင့် အီးမေးလ်လိပ်စာ

ဥပမာ - ***09 123456789***

***kyawkyaw@gmail.com***

**ပြောင်းလဲလွှဲအပ်မည့် ကိုယ်စားလှယ်နှင့်သက်ဆိုင်သည့် အချက်အလက်များ**

၃။ ပြောင်းလဲလွှဲအပ်မည့် ကိုယ်စားလှယ်၏ အချက်အလက်များကို ဖြည့်စွက်ရာတွင်-

(က) အမည်

ဥပမာ - ***ဦးလွင်မိုးအောင်***

(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်

ဥပမာ - ***၉/အမဇ(နိုင်)၀၁၂၃၄၅***

(ဂ) ကိုယ်စားလှယ်၏ လိပ်စာအပြည့်အစုံ (လုပ်ငန်းဆောင်ရွက်သည့်လိပ်စာ) ကို ဖော်ပြရမည်။

ဥပမာ - ***၇၈ လမ်း ၊ ရပ်ကွက်(၁၁)၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။***

(ဃ) တယ်လီဖုန်းနံပါတ်နှင့် အီးမေးလ်လိပ်စာ

ဥပမာ - ***09 123456789***

- ***lwinmoeaung@gmail.com***

**ကိုယ်စားလှယ်လွှဲအပ်ဆောင်ရွက်သည့် စာပေ သို့မဟုတ် အနုပညာလက်ရာ သို့မဟုတ် ဆက်နွှယ်သည့်အခွင့်အရေးဆိုင်ရာ ကိစ္စရပ်နှင့်သက်ဆိုင်သည့် အချက်အလက်များ**

၄။ လျှောက်လွှာပုံစံ (CR-11) ၏ အမှတ်စဉ် (၄) အကွက်တွင် ကိုယ်စားလှယ်လွှဲအပ် ဆောင်ရွက်သည့် စာပေ သို့မဟုတ် အနုပညာလက်ရာ သို့မဟုတ် ဆက်နွှယ်သည့်အခွင့်အရေးဆိုင်ရာကိစ္စရပ်နှင့် သက်ဆိုင်သည့် အချက်အလက်များကို ပြည့်စုံစွာ ဖြည့်စွက်ရမည်-

(က) စာပေ သို့မဟုတ် အနုပညာလက်ရာ သို့မဟုတ် ဆက်နွှယ်သည့်အခွင့်အရေးဆိုင်ရာကိစ္စရပ် ခေါင်းစဉ်

ဥပမာ - ***"ဝသုန်မိုး"***

(ခ) စာပေ သို့မဟုတ် အနုပညာလက်ရာ သို့မဟုတ် ဆက်နွှယ်သည့်အခွင့်အရေးဆိုင်ရာကိစ္စရပ် အမျိုးအစား

ဥပမာ - ***စာပေလက်ရာ***

(ဂ) စာပေ သို့မဟုတ် အနုပညာလက်ရာ သို့မဟုတ် ဆက်နွယ်သည့်အခွင့်အရေးဆိုင်ရာကိစ္စရပ်၏ လျှောက်ထားချက်နံပါတ် သို့မဟုတ် မှတ်ပုံတင်နံပါတ် (ရနိုင်လျှင်)

ဥပမာ

**လျှောက်ထားချက်နံပါတ် -** ***CR-1/2024/000001***

**မှတ်ပုံတင်နံပါတ်** ***- CReg-1/2024/000001***

(ဃ) ကိုယ်စားလှယ်ပြောင်းလဲသည့် ရက်စွဲ

ဥပမာ *- ၁၁-၆-၂၀၂၄*

**ငွေပေးသွင်းခြင်း**

၅။ လျှောက်လွှာပုံစံ (CR-11) ၏ အမှတ်စဉ် (၅) အကွက်တွင် ကိုယ်စားလှယ်အမည် ပြောင်းလဲပြင်ဆင်ပေးရန် လျှောက်ထားခြင်းအတွက် ပေးသွင်းထားသည့် အခကြေးငွေပမာဏကို ဖော်ပြ၍ ပေးသွင်းပြီးဖြစ်သော ငွေသွင်းပြေစာအား ပူးတွဲတင်ပြရမည်-

ဥပမာ - **ပေးသွင်းသည့်ငွေပမာဏ -** ***၂၀,၀၀၀*** **ကျပ်**

**လျှောက်ထားသူ၏လက်မှတ်**

၆။ လျှောက်လွှာပုံစံ(CR-11)၏ အမှတ်စဉ်(၆)အကွက်တွင် အထက်ဖော်ပြပါအချက်များ မှန်ကန်ကြောင်း ဝန်ခံကတိပြု လက်မှတ်ရေးထိုးရမည်။ လက်မှတ်ရေးထိုးရာတွင် လျှောက်ထားသူက လက်မှတ်ရေးထိုးရမည်ဖြစ်ပြီး လက်မှတ်ရေးထိုးသူ၏ အမည်အပြည့်အစုံနှင့် လက်မှတ်ရေးထိုးသည့် ရက်၊ လ၊ ခုနှစ် တို့ကို ပြည့်စုံစွာ ဖြည့်စွက်ရမည်။ တရားဝင် တည်ထောင်ထားသောအဖွဲ့အစည်းအနေဖြင့် လျှောက်ထားခြင်းဖြစ်လျှင် လက်မှတ်ရေးထိုးသူ၏ ရာထူးနှင့် အဖွဲ့အစည်းအမည်တို့ကိုပါဖော်ပြရမည်ဖြစ်ပြီး အဆိုပါ လက်မှတ်ရေးထိုးသူအား ယင်းအဖွဲ့အစည်း ကိုယ်စား လက်မှတ်ရေးထိုးခွင့်ပြုကြောင်း အထောက်အထားကို ပူးတွဲတင်ပြရမည်။

၇။ အီလက်ထရောနစ်နည်းဖြင့် လျှောက်ထားပါကမူရင်းမင်ဖြင့် လက်မှတ်ရေးထိုးရန် မလိုဘဲ အီလက်ထရောနစ် ပုံစံပေါ်တွင် လျှောက်ထားသူ သို့မဟုတ် ကိုယ်စားလှယ်၏ အမည်ကို ဖော်ပြရမည်။

၈။ အချက်များအားလုံး ပြည့်စုံမှန်ကန်စွာဖြည့်စွက်ရမည်။

၉။ လျှောက်လွှာပုံစံတွင်(*) ဖော်ပြထားသော အချက်များသည် မဖြစ်မနေ ဖြည့်စွက်ရမည့် အချက်များ ဖြစ်ပါသည်။ (*)အား နံပါတ်စဉ်၌ ဖော်ပြထားလျှင် အမှတ်စဉ်တစ်ခုလုံးတွင် ပါဝင်သည့် အချက်များကို မဖြစ်မနေ ဖြည့်စွက်ရမည်ဖြစ်သည်။

၁၀။ လျှောက်ထားသူသည် နိုင်ငံတော်တွင် အမြဲတမ်းနေထိုင်သူမဟုတ်လျှင် သို့မဟုတ် ပြည်ပနိုင်ငံတွင် နေထိုင်သူဖြစ်လျှင် ၎င်း၏ အမြဲတမ်းနေထိုင်သည့်နိုင်ငံ သို့မဟုတ် တရားဝင် အဖွဲ့အစည်းတည်ထောင်ထားသည့် နိုင်ငံ၌ နိုတြီပဗ္ဗလစ်က မှန်ကန်ကြောင်း ထောက်ခံထားသည့် ကိုယ်စားလှယ်လွှဲစာ (CR-10) မိတ္တူအား ပူးတွဲတင်ပြရမည်။

၁၁။ မူလကိုယ်စားလှယ်လွှဲစာမိတ္တူအား ပူးတွဲတင်ပြရမည်။

**မူပိုင်ခွင့်ဦးစီးဌာန**